# ဆိုင်းဝိုင်းမှရသော သံခ်နးဓာ

အရှင်ကေလာသ
ဇွန် ၂၃၊ ၂၀၁၅။
www.kelasa.org

## နားလည်ပေးပါ

'သင်သိ ငါသိ အားလုံးသိ' မန္တလေး စိန်ဒူးဝါးဆိုင်း ဗွီဒီယိုခွေရဲ့ အမည်ပါ။ ခေါင်းစဉ်ကို ကြည့်ပြီး စိတ်ဝင်စားတာနဲ့ အဲဒီ ဆိုင်း ဗွီဒီယိုခွေကို ကြည့်ဖြစ်ပါတယ်။ ဆိုင်းကို ဝါသနာပါလို့ ကြည့်တာဆိုလည်း မငြင်းပါဘူး။ အင်း .. ဘုန်းကြီးနဲ့ ဆိုင်တော့ မဆိုင်ဘူးပေါ့။ မဆိုင်တာတွေကတော့ အများကြီးပဲ ဥစ္စာ။ ဒါပေမယ့် အသိပေးချင်တဲ့ စကားလုံးအချို့ဟာ ဘုန်းကြီးရဲ့ စိတ်ပြူတင်းပေါက်က ပြူတစ်ပြူတစ် လုပ်နေလွန်းလို့ ထိန်းမရတဲ့ အဆုံး စာလုံးတွေ ဖြစ်ကုန်တာကိုတော့ နားလည် ပေးမယ်လို့ ယုံကြည်ပါတယ်။

## အကျိုးဆောင်သူ

'ငါ့တပည့် ထမင်းတစ်လုတ် စားရရုံနဲ့ ဒီအလုပ်ကို မလုပ်ပါနဲ့။ လူသားတွေ ကောင်းကျိုးအတွက် မင်းတီးတဲ့ အထဲမှာ ပါပါစေ'ဆိုတဲ့ တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော် ဘုရားကြီးရဲ့ ဩဝါဒကို ဦးထိပ်ရွက် ပန်ဆင်ပြီး စံလင်း ဆရာတော်ရဲ့ နွားမေတ္တာစာ၊ ဆရာကြီး ဇော်ဂျီရဲ့ 'စိတ်ပျောက်မှာစိုး (ကဗျာ)' စသည်ကို တီးခဲ့ကြောင်း၊ နွားမေတ္တာ စာကို တီးတဲ့အခါ မြင်းခြံ နတ်ထားရွာ တစ်ရွာလုံး နွားသား မစားတော့ကြောင်း .. ဆိုင်းဆရာက ရှင်းပြတယ်။ လူပြက် တော်တော် များများဟာ ညစ်ညမ်း အသုံးအနှုန်းတွေပါမှ ရယ်စရာ လုပ်တတ်တယ်။ ဒီဆိုင်းထဲက လှဟန်နဲ့ ဘဲတော တို့ရဲ့ ပြက်လုံး သုံးပုံနှစ်ပုံက ရိုးရိုး စကားလုံးတွေ။ မှတ်သားစရာလည်း ပါတယ်။ အချို့ ညစ်ညမ်းပေမယ့် အရွယ်ရောက်သူမှပဲ နားလည်နိုင်တာမျိုး။ ချုပ်ပြောရင် ကောင်းတယ်လို့ပဲ ညွှန်းပါရစေ။ ပါရမီပါလာတဲ့ ပညာရှင်တွေပါ။

စိန်ဒူးဝါးရဲ့ ပုဂ္ဂိုလ်ရေး ကိုယ်ကျင့်တရား အစစ်အမှန်ကို မသိရပေမယ့် .. ရည်းစားနဲ့ ကွဲရင် အရက်သောက်၊ အရက်ဝိုင်းနဲ့ ဇာတ်လမ်းကို စဖွင့်တဲ့ ရန်ကုန် ဗွီဒီယို ဒါရိုက်တာ အချို့ထက်တော့ စိန်ဒူးဝါးရဲ့ သူ့ထမင်းရှင် ပရိသတ် အပေါ် ထားရှိတဲ့ စေတနာက ပေါ်လွင်တယ်လို့တော့ ဘုန်းကြီး ပြောရဲတယ်။ စိန်ဒူးဝါးကြီး အသက်ရှည်ပါစေ။

## ရေးသူ ဆိုသူ

ခေါင်းစဉ်ပါ ဓမ္မလင်္ကာကို နတ်မောက်မြို့ ဒီပင်္ကရာကျောင်း ဆရာတော် အရှင်နိမ္မလ ရေးသားကြောင်း၊ ဗိုလ်ချုပ် အောင်ဆန်း ငယ်ငယ်က ဒီပင်္ကရာကျောင်းမှာ ပညာသင်ခဲ့ကြောင်း စိန်ဒူးဝါး ပြောပြတယ်။ (ဗိုလ်ချုပ် အောင်ဆန်း ငယ်ငယ်က ဒီပင်္ကရာကျောင်း ဆရာတော်ဦးသောဘိတထံမှာ ပညာသင်ယူခဲ့ကြောင်း 'အောင်သန်း၏ အောင်ဆန်း' စာအုပ်မှာ ဖတ်ဖူးတာကို ဘုန်းကြီး အမှတ်ရသေးတယ်)။ ဆိုရခက်တဲ့ သံပေါက် ကဗျာကို တောင် နားထောင်လို့ ကောင်းအောင် ဆိုနိုင်တဲ့ အဆိုတော်ကိုလည်း ချီးကျူးပါတယ်။ အဲဒီ ဓမ္မလင်္ကာ အပြည့်အစုံက ..

**ဓမ္မလင်္ကာ**

သင် ကောင်းမကောင်း သင့်အကြောင်းကို သင့်ခေါင်း
ထဲက သင် သိပါသည်။

သင့်ကို စောင့်ကြပ် ကိုယ်စောင့်နတ်လည်း ပြတ်ပြတ်
သားသား သိပါသည်။

နတ်တို့သနင်း သိကြားမင်းလည်း ရှင်းရှင်းလင်းလင်း
သိပါသည်။

ငရဲသနင်း ယမမင်းလည်း ကွင်းကွင်းကွက်ကွက်
သိပါသည်။

ဈာန်အဘိညာဉ် တန်ခိုးရှင်လည်း ထင်ထင်ရှားရှား
သိပါသည်။

သင်ပြုလုပ်စဉ် သင့်ဝန်းကျင်မှ မြင်မြင်သမျှ
လူနတ်ကလည်း ဂဃနဏ သိပါသည်။

လိမ်ညာမရ ဤလောကဝယ် ဓမ္မလမ်းစဉ်
လျှောက်လှမ်းချင်က အသင် ပြုပြင်နိုင်သေးသည်။

## အနှစ်သာရ

ပထမ ပိုဒ်က 'အတ္တာ တေ ပုရိသ ဇာနာတိ၊ သစ္စံ ဝါ ယဒိ ဝါ မုသာ = မှားမှန် (ကောင်းဆိုး)ကို မိမိသာ သိ၏ (အံ ၁၊ ၁၄၇)' ဆိုတဲ့ ပါဠိတော်နဲ့ အညီ ရေးထားတဲ့ စာသားပါ။ ဒုတိယပိုဒ်လည်း အနှစ်သာရ အနေနဲ့ ကိုယ့်ဟာ ကိုယ်သိ အဓိပ္ပာယ်ပါ။ ထူးခြားတဲ့ ပုဂ္ဂိုလ်တွေမှာ အစောင့်အရှောက် ဆိုတာမျိုးလည်း ရှိနိုင်တာပဲ။ တတိယ စတုတ္ထ ပိုဒ်တွေက ကိုယ်လုပ်တဲ့ အကောင်း အဆိုးအတွက် သွားရောက်မယ့် ဂတိမှာ ကြုံတွေ့မယ့် နိမိတ်ပုံတွေ။ မကောင်းမှုကို ရှောင်၊ ကောင်းမှုကို ဆောင်ဖြစ်ဖို့ တွန်းအားတွေလို့ အဓိပ္ပာယ် ဖွင့်ဆိုခွင့် ရှိပါတယ်။ ကောသလမင်းကို လိမ်မိတဲ့ မလ္လိကာ မိဖုရားဟာ ငါလိမ်တာကို မြတ်ဗုဒ္ဓနဲ့ အဂ္ဂသာဝကကြီးတွေ (တန်ခိုးရှင်တွေ) သိသွားပြီ ဆိုပြီး စိတ်မကောင်း ဖြစ်သတဲ့ (ဓမ္မဒ–ဌ ၂။ ၇၆)။

သူတော်ကောင်းတွေဟာ 'ကိုယ်လုပ်တာ မှန်သမျှ ကောင်းဆိုးမဟူ သင်သိ ငါသိ အားလုံးသိ ဖြစ်နေလို့' ကုသိုလ် ရမယ့် အလုပ်ကို လုပ်ဖြစ်အောင် မိမိကိုယ်တိုင်နဲ့ မိမိပတ်ဝန်းကျင်ကို သက်သေပြုပြီး နေထိုင်ကြကြောင်းပါ။

## ဓမ္မလမ်းစဉ်

နောက်ဆုံး စာပိုဒ်ကလေးက သိပ်ပြီး အသက်ဝင်တယ်။ 'ယခုပင်လျှင် မအိုခင်က ကြိုတင် ကောင်းမှု ကြိုးစားပြုလော့' လို့ မင်းကွန်း တိပိဋက ဆရာတော်ကြီး ဆုံးမတဲ့ အတိုင်းပါပဲ။ ညစ်ဆိုးသူတို့ ဆိုးညစ် ကောက်ကျစ်မှုတွေကို ယခုပင် စွန့်ဖို့ အားရှိစေပါတယ်။ တရားဆိုတာ စပြီးကျင့်တဲ့ အချိန်မှာပဲ အကျိုးရှိတယ်။ ဒါကြောင့် ကနေ့ နက်ဖြန် မရွှေ့ဆိုင်းဘဲ ယခုပင် ဓမ္မကို ကျင့်ပါလို့ တိုက်တွန်းတဲ့ စာသားလေးပါ။ ❑